# ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့ ထုတ်ပြန်ချက်

*"ညှဉ်းပန်းနှိပ်စက်မှုများ ချက်ချင်းရပ်၊ ပြစ်ဒဏ်ပေးခြင်း ကင်းလွတ်ခွင့်ရစလေ့အား အဆုံးသတ်"*

ဇွန်လ ၂၆ ရက် ၂၀၂၂ ခုနှစ်

၂၀၂၂ ခုနှစ်၏ "ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့" တွင် ကျွန်ုပ်တို့အနေဖြင့် အကြမ်းဖက်အာဏာလုစစ်အုပ်စုနှင့် အခြားသော လက်နက်ကိုင်အုပ်စုများမှ ပြည်သူများအပေါ် ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို ရပ်တန့်ရန် တိုက်တွန်းလိုက်သည်။

ယနေ့သည် ညှဉ်းပန်းနှိပ်စက်မှု၊ လူမဆန်စွာရက်စက်မှု (သို့မဟုတ်) လူ့ဂုဏ်သိက္ခာနှင့် မလျော်ညီစွာပြုကျင့်ခံရမှု (သို့မဟုတ်) ပြစ်ဒဏ်ပေးမှုတို့ကိုဆန့်ကျင်သည့် ကုလသမဂ္ဂ သဘောတူစာချုပ် အသက်ဝင်လာသောနေ့လည်းဖြစ်သလို အခြေခံလူ့အခွင့်အရေးကို အကာအကွယ်ပေးရန်အတွက် နိုင်ငံတကာဥပဒေတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည့် ထင်ရှားသော အောင်မြင်မှုတစ်ရပ်လည်းဖြစ်သည်။

သို့သော်လည်း ဤနိုင်ငံတကာသဘောတူ စာချုပ်သည် မြန်မာနိုင်ငံမှ ပြည်သူများကို အကာအကွယ် မပေးနိုင်ဘဲ အကြမ်းဖက်အာဏာလု စစ်အုပ်စုက မြန်မာပြည်သူလူထု၏ ဘဝနှင့် ဂုဏ်သိက္ခာများကို ကြိမ်ဖန်များစွာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်မှုများကျူးလွန်ကာ ချိုးဖောက်ဖျက်ဆီးလျက် ရှိနေသည်။

ပြည်သူလူထုအပေါ် လူမဆန်၍ ရက်စက်သော လုပ်ရပ်များကျူးလွန်နေမှုအပေါ် နစ်နာခံစားရသူများ ကိုယ်တိုင်ဖော်ထုတ်ဖွင့်ဟပြောဆိုမှုများနှင့် သတင်းရင်းမြစ်အများအပြားမှ သတင်းအချက် အလက်များစုဆောင်းထားရှိမှုများအရ စစ်အာဏာလုမှုကို ဆန့်ကျင်သောသူများအား ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများနှင့် အခြားသောစိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကိုပါ စစ်အုပ်စုကအသုံးပြု၍ စနစ်တကျရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်လျက်ရှိသည်။

လူတစ်ယောက်၏ အသက်ကို ထောက်ထားငဲ့ညှာခြင်းအလျင်းမရှိဘဲ သေနတ်၊ တုတ်၊ ဓား၊ ပလာယာများကို လက်လွတ်စပယ် အသုံးပြုပြီး ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ထိခိုက်ဆုံးရှုံးအောင်ပြုလုပ်ကာ ပြည်သူလူထုအား အကြောက်တရားလွှမ်းမိုးသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရေး ပုံဖော်လျက်ရှိသည်။

အကြမ်းဖက်အာဏာလုယူခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်နေ့ ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အထိ စစ်အုပ်စု၏ စစ်ကြောရေးနှင့် အကျဉ်းထောင်များတွင် ဖမ်းဆီးနှိပ်စက်ခံရပြီး ကျဆုံးသွားသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူနှင့် စစ်အာဏာလုမှုဆန့်ကျင်ရေး ဆန္ဒထုတ်ဖော်သူ လူဦးရေမှာ (၉၅) ဦးရှိပြီဖြစ်သည်။ စစ်အုပ်စုအနေနှင့် ထင်ရှားသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကိုသာ ညှဉ်းပန်းနှိပ်စက်မှုကို ပြုလုပ်သည် မဟုတ်ဘဲ နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းထားသော အရပ်သားများအားလုံးကို တရားလက်လွတ်ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ရန် မူဝါဒချမှတ်ထားသည်။ အကြမ်းဖက်အာဏာလုမှု စတင်ချိန်မှ ယနေ့အထိ နိုင်ငံရေးအရ ဖမ်းဆီးခံရသူတိုင်းတွင် ရုပ်ပိုင်း ဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ညှဉ်းပန်းနှိပ်စက်ခြင်းခံရပြီး ဖြစ်သည်။

မျက်ကွယ်ရာတွင် သတ်ဖြတ်ခြင်း၊ အလောင်းအားမိသားစုထံပြန်မပေးဘဲ သင်္ဂြိုဟ်ခြင်း၊ ပုံစံထိုင်ခိုင်းခြင်း၊ ကျား/မအခြေပြု ခြိမ်းခြောက်မှုများပြုလုပ်ခြင်း၊ အစာရေစာရက်ရှည်ဖြတ်တောက်ခြင်းဖြင့် အိမ်သာသုံးရေကို သောက်သုံးစေခြင်းစသည့် ညှဉ်းပန်းနှိပ်စက်မှုပုံစံများမှာ စစ်အုပ်စု၏ စနစ်တကျတည်ဆောက်ထားသော ညှဉ်းပန်းနှိပ်စက်မှုပုံစံများဖြစ်ပြီး စစ်အုပ်စုကို တော်လှန်ဆန့်ကျင်သူတိုင်းအပေါ် ကျူးလွန်နေကြ ချိုးဖောက်မှုများလည်းဖြစ်သည်။

စစ်အုပ်စု၏ဖမ်းဆီးခံရပြီးနောက် စစ်ကြောရေးတွင် ညှဉ်းပန်းနှိပ်စက်မှုကြောင့်ဖြစ်စေ၊ ရိုက်နှက်မှု သို့မဟုတ် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့်ဖြစ်စေ၊ ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်ကို ငြင်းပယ်ခံရသောကြောင့်ဖြစ်စေ၊ ခုခံစစ်ဆင်နွှဲနေကြသော တော်လှန်ရေးသမားများ ဖမ်းဆီးခံရပြီးနောက် သတ်ဖြတ်ခံရမှုကြောင့်ဖြစ်စေ စစ်အုပ်စု၏အာဏာလုမှု စတင်ဖြစ်ပေါ်လာချိန် ကတည်းက အသက်ဆုံးရှုံးရသော ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူများနှင့် အရပ်သားသေဆုံးမှု ဦးရေမှာ (၂၀၂၁) ဦး ရှိပြီဖြစ်သည်။ ယခုအချိန်တွင် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ဖမ်းဆီးခံရသူများအား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်မှု မလုပ်ခင် လက်စားချေလိုမှု၊ သတင်းအချက်အလက်ရယူလိုမှု စသည့်အကြောင်းရင်းများကြောင့် ညှဉ်းပန်းနှိပ်စက်မှုကို လုပ်ရိုးလုပ်စဉ်ပြုမူဆောင် ရွက်နေကြ အလေ့အထအဖြစ် ကျင့်သုံးလျက်ရှိနေသည်။

လုံခြုံရေးအဖွဲ့များမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ခြင်းကို ညှဉ်းပန်းနှိပ်စက်မှု ပုံစံတစ်မျိုးအနေဖြင့် နိုင်ငံတကာ ဥပဒေအောက်တွင် အသိအမှတ်ပြုထားသည်။ မြန်မာနိုင်ငံတွင် အရပ်သားပြည်သူများကို ခြိမ်းခြောက်ရန်၊ ထိတ်လန့်ကြောက်ရွံ့ စေရန်၊ ဖိနှိပ်ချုပ်ချယ်ရန် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှုကို စစ်လက်နက်တစ်ခုသဖွယ် အကြမ်းဖက်စစ်အုပ်စုမှ အသုံးပြု လျက်ရှိသည်။ အာဏာသိမ်းပြီးနောက်ပိုင်း အကြမ်းဖက်မှုများတွင် လိင်အင်္ဂါအစိတ်အပိုင်းများကို ရိုက်နှက်ခြင်းနှင့် လိင်ပိုင်း ဆိုင်ရာခြိမ်းခြောက်မှုများပြုလုပ်ခြင်းအပါအဝင် ထိန်းသိမ်းခံနေရချိန်နှင့် စစ်ဆေးမေးမြန်းချိန်များတွင် လိင်ပိုင်းဆိုင်ရာ စော်ကား မှုများရှိကြောင်း သိရှိရသည်။

လူမဆန်သော ချိုးဖောက်မှုများကို ကျူးလွန်လျက်ရှိသော်လည်း ပြစ်ဒဏ်က ကင်းလွတ်ခွင့်ရနေပြီး အရေးယူမှုခံရခြင်း မရှိသည့် အတွက် ဆိုးရွားရက်စက်သော နှိပ်စက်မှုများကို စစ်အုပ်စုက ခေတ်အဆက်ဆက် ကျင့်သုံးနေမှုအပေါ် ကျွန်ုပ်တို့ အရပ်ဖက်လူမှု အဖွဲ့အစည်းများက ဖွင့်ချထောက်ပြ၍ လူအများသိလာစေရန် လုပ်ဆောင်လျက်ရှိသည်။ စနစ်တကျရည်ရွယ်ချက်ရှိရှိ ညှဉ်းပန်း နှိပ်စက်မှုများနှင့် အခြားသော ရက်စက်ကြမ်းကြုတ်မှုများကို ခေတ်အဆက်ဆက် အပြစ်ပေးခံရခြင်းမရှိဘဲ တာဝန်ယူမှုကင်းမဲ့စွာ ကျူးလွန်နေခွင့်ရနေသောကြောင့် စစ်အုပ်စုအနေနှင့် အတင့်ရဲလာပြီး ယခုလို ဒီမိုကရေစီလုပ်ငန်းစဉ်ကို ချိုးဖောက်ကာ ပြည်သူ များအပေါ် အဆုံးစွန်ဆုံး ဆိုးဝါးရက်စက်သော အပြုအမူများပြုလုပ်နေခြင်းဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဒေသတွင်းအဖွဲ့အစည်းများအနေဖြင့် စစ်အုပ်စုအပေါ် ထိရောက်မှုမရှိသော သတိပေးလုပ်ဆောင် ချက်များကို ရပ်တန့်ချိန်ရောက်ပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အထူးသဖြင့် အာဆီယံနိုင်ငံများသည် စစ်အုပ်စု အပေါ် နိုင်ငံရေးအရ ပိုမိုဖိအားပေးရမည်ဖြစ်ပြီး ယခုလက်ရှိအနေအထားနှင့် အသင့်လျော်ဆုံးသော နိုင်ငံရေးဖိအားပေးမှုမှာ "ဖြတ်သုံးဖြတ်ဗျူဟာ"[1] ဖြစ်သည်။ အထူးအားဖြင့် နိုင်ငံတကာအဖွဲ့အစည်းများသည်

- စစ်အုပ်စုကို တစ်နည်းတဖုံအားဖြင့် တရားဝင်မှုဖြစ်စေနိုင်သော ထိတွေ့ဆက်ဆံမှု၊ ဆွေးနွေးမှု သို့မဟုတ် ပါဝင် ဆောင်ရွက်မှုများကို ငြင်းပယ်ရန်။
- ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှုကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရန်။

[1] https://specialadvisorycouncil.org/2021/03/sac-m-says-myanmar-military-is-engaging-in-terrorism-and-calls-for-global-three-cuts-strategy/

- စစ်ဘက်ဆိုင်ရာ လုပ်ငန်းစုများနှင့် အခြားသော စစ်အုပ်စုကို လိုလားသော စီးပွားရေးလုပ်ငန်း အကျိုးစီးပွားများအပေါ် ပစ်မှတ်ထားသော ဘဏ္ဍာရေး ဒဏ်ခတ်ပိတ်ဆို့မှုများကို အကောင်အထည်ဖော်ရန်။
- နိုင်ငံရေးအကျဉ်းသားများအပေါ် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုများကို အဆုံးသတ်နိုင်စေရန် အတွက် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ကဲ့သို့သော တာဝန်ခံမှုဆိုင်ရာ ယန္တရား များကို ကူညီပံ့ပိုးရန်နှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် ကျူးလွန်သူများအား နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းနိုင်ရေး တောင်းဆိုရန်တို့ကို ပြုလုပ်ရန် ကျွန်ုပ်တို့မှ အလေးအနက်တိုက်တွန်းအပ်ပါသည်။

## သွေးစည်းညီညွတ်စွာဖြင့်

1. နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)
2. အာရှတရားမျှတမှုနှင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့ (AJAR)
3. ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)
4. Burma Civil War Museum (BCM)
5. ညီမျှခြင်းမြန်မာ (EQMM)
6. လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့ (HRDP)
7. မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)
8. Knowledge Hub Myanmar (KHM)
9. ကရင်အမျိုးသမီးအစည်းအရုံး (KWO)
10. လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma)
11. တအာင်းအရပ်ဖက်အဖွဲ့အစည်းများ (TCSO)
12. ကရင်နီပြည်လူငယ်များသမဂ္ဂ (UKSY)
13. အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB)
14. တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့ (WJ)

ဆက်သွယ်ရန်_

+၆၆ ၈၅-၅၉၇ -၃၈၉၉

+၆၆ ၆၅-၉၅၅- ၆၆၃၀

+၆၆ ၈၁-၅၉၅- ၆၁၃၈